DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၀၉)

# သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မှတ်တမ်း

သာသနာတော်နှစ် - ၂၅၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် - ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်၊ (၂၉-၁၀-၂၀၁၂)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော် မြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ သံဃဒါန၊ ဆွမ်းလောင်းအဖွဲ့၏ ပထမအကြိမ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ဓမ္မပူဇာပွဲသဘင်၌ ဟောကြားအပ်သော "သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ" တရားဒေသနာတော်။

* * *

ဗုဒ္ဓမြတ်စွာဘုရားရဲ့ တပည့်သာဝကတွေ သောတာပန်ဖြစ်သွားတယ်ဆိုတာ ရှိတယ်၊ ပထမဆုံးအဆင့် တကယ့် သူတော်ကောင်းစစ်စစ်ဖြစ်သွားလို့ အရိယာသူတော်စင်ဘဝ ရောက် တဲ့ အခါ နေ့စဉ်ဘဝမှာ ဘယ်လိုများ နေထိုင်ကြသလဲဆိုတာ သိချင်ကြတယ်။ လူတိုင်းလူတိုင်းဟာ ဘဝတစ်ခုရလာပြီ ဆိုရင်တော့ ဘဝမှာ မိမိတို့ အဆင်ပြေသလို နေကြတယ်၊ အမျိုးမျိုး အဖုံဖုံ ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ အနေအထားအတိုင်း လူတွေဟာ ဘဝမှာ နေနည်းအမျိုးမျိုးနဲ့ နေထိုင်ကြတယ်၊ ဘဝတစ်ခုရလာလို့ ထိုဘဝမှာ အသက်ရှည်တည်နေရေးအတွက် တချို့တချို့ ပုဂ္ဂိုလ်တွေက နေ့စဉ်နဲ့အမျှ မကောင်းမှု ဒုစရိုက်တွေနဲ့ အသက်မွေးဝမ်းကျောင်း ရှာဖွေပြီး နေကြ တယ်။

ဆိုလိုတာက သတ္တဝါတွေရဲ့အသက်ကို သတ်ဖြတ်ပြီးတော့ မိမိရဲ့ဘဝမှာ ရပ်တည်ဖို့ ကြိုးစားကြတယ်။ အဒိန္နာဒါန - သူများပစ္စည်းတွေကို မတရားတဲ့နည်းနဲ့ရအောင်ယူ၊ ခိုးဆိုး လုယက် တိုက်ခိုက်ပြီး ရလာတဲ့ပစ္စည်းတွေနဲ့ ဘဝတစ်ခုမှာ ရပ်တည်ဖို့ ကြိုးစားကြတယ်။ ကာမေသုမိစ္ဆာစာရ - ဘဝမှာ အပျော်ကြူးပြီး သူတပါး သားမယားတွေ ပြစ်မှားပြီးတော့ ဘဝမှာ နေထိုင်ကြတယ်၊ အေး၊ တချို့ပုဂ္ဂိုလ်တွေကျတော့ နှုတ်ကိုမစောင့်စည်းဘူး၊ လိမ်လည်လှည့်ဖြားတတ်ကြတယ်။ ဟိုနေရာဖြင့် လိမ်သွားပြန်ပြီ၊ ဒီနေရာဖြင့် လိမ်သွားပြန်ပြီ (သို့မဟုတ်) မမှန်မကန်တဲ့ စကားတွေ ပြော၊ မမှန်မကန်တဲ့ နည်းတွေနဲ့ လုပ်ပြီးတော့ အပြောတမျိုး၊ အလုပ်တမျိုးလုပ်ပြီးတော့ မုသာဝါဒ ဆိုတဲ့ ဝစီဒုစရိုက်နဲ့ အသက်မွေးပြီးနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးပဲ။ အေး၊

တချို့ပုဂ္ဂိုလ် တွေကျတော့ တစ်ဦးနဲ့တစ်ဦး မတည့်အောင် ရန်တိုက်ပေးတယ်၊ တချို့ပုဂ္ဂိုလ်တွေက စကားကို ချိုချိုသာသာမပြောဘူး၊ အမြဲတမ်း ကြမ်းကြမ်းတမ်းတမ်း တစ်ဖက်သား ကြောက်ရွံ့လောက်အောင် မခံနိုင်လောက်အောင်ပြောပြီး ဘဝမှာနေထိုင်ကြတယ်။ တချို့ ပုဂ္ဂိုလ်တွေကတော့ တရားလက် လွတ် စကားတွေ၊ လောကမှာ အကျိုးမပြုတဲ့၊ ဘယ်သူ့ကိုမှ ကောင်းကျိုးချမ်းသာ မဖြစ်စေတတ် တဲ့ သမ္ဖပ္ပလာပ စကားမျိုးတွေပြောဆိုပြီးတော့ ဘဝမှာ နေထိုင်ကြတယ်။

ဟော၊ နေပုံထိုင်ပုံတွေက အမျိုးမျိုး၊ တချို့ပုဂ္ဂိုလ်တွေကျတော့ ဒုစရိုက်တွေကိုရှောင်လို့ သုစရိုက်တရားတွေ ပွားများအားထုတ်ပြီး ဘဝမှာနေကြတယ်။ ဒါနကောင်းမှု ပြုကြတယ်၊ အခါ အားလျော်စွာ သီလတွေ ဆောက်တည်ကြတယ်၊ ဥပုသ်သီတင်း စောင့်သုံးကြတယ်။ ကမ္မဋ္ဌာန်း ဘာဝနာများ ပွားများအားထုတ်ကြလို့၊ ဟော ဘဝမှာ နေကြထိုင်ကြတာတွေ အများကြီးပဲ။ တစ်ယောက်နဲ့တစ်ယောက် မတူဘူးပေ့ါ။ ဒါက ဗုဒ္ဓဘာသာဝင်လို့ အမည်ခံထားတဲ့ ပုဂ္ဂိုလ်တွေ ဒါန ကောင်းမှုနဲ့ နေကြတယ်၊ ငါးပါးသီလနဲ့ နေကြတယ်၊ ရှားပါးသီလနဲ့ နေကြတယ်။

အေး၊ တရားစခန်းတွေမှာ တရားဓမ္မ ကျင့်ကြံအားထုတ်ပြီးတော့နေကြတယ်။ နေ့စဉ် မိမိ တို့အိမ်မှာလည်းပဲ ကမ္မဋ္ဌာန်းထိုင်ပြီး အချိန်ကို ကုန်ဆုံးစေကြတယ်၊ ဘဝတစ်ခုမှာ ဒီလိုနေကြ တယ်။ တခြားဘာသာဝင်တွေလဲ သူတို့ဘာသာတရားရဲ့ အဆုံးအမအတိုင်း ဘဝတစ်ခုမှာ နေထိုင် ကြတယ်၊ ဘဝခရီး ဖြတ်သန်းကြတယ်ပေ့ါ။

အဲဒီ တော့ လူတိုင်း လူတိုင်းဟာ ဘဝရလာပြီဆိုရင် ဘဝမှာ နေတော့နေကြတာပဲ၊ သို့သော် ဘယ်ပုံဘယ်နည်း နေကြသလဲဆိုတဲ့ the way of life မတူညီကြတော့ဘူး။ နေပုံနေနည်း မတူဘူး တစ်ယောက်က ဒါနကောင်းမှုနဲ့နေတယ်၊ တစ်ယောက်က မလှူမတန်းဘဲ နေတယ်၊ တစ်ယောက်က ငါးပါးသီလနဲ့နေတယ်၊ အခြားတစ်ယောက်က သီလကို ဂရုမစိုက်ဘဲနေတယ်၊

တချို့က ကမ္ဘာ့ဌာန်းဘာဂနာ ပွားများအားထုတ်ပြီးနေတယ်၊ တချို့ကျတော့ ကမ္ဘာ့ဌာန်းကို ဘယ်တော့မှ နှလုံးမသွင်းဘဲ နေတယ်လို့။ ဩော် နေပုံနေနည်းဟာ ဒီလိုကွဲပြားနေကြတယ်။

ပုထုဇဉ်တွေရဲ့ နေပုံနေနည်းကတော့ အမျိုးမျိုးအဖုံဖုံပဲ။ အဲဒီ ထဲမှာ မြတ်စွာဘုရားရဲ့ တပည့်သာဂကအစစ် ဖြစ်သွားတဲ့ သောတာပန်တို့၊ သကဒါဂါမ်တို့၊ အနာဂါမ်တို့ဆိုတဲ့ အရိယာ သူတော်စင်တွေကျတော့ သူတို့လည်း လူ့ဘဂမှာနေကြတာ ဖြစ်သောကြောင့် ဘယ်လိုဘဂမျိုး၊ ဘယ်လိုအနေအထားမျိုးနဲ့ နေကြတာလဲ၊ သူတို့ရဲ့ နေ့စဉ်ဘဂမှာ ဘယ်လိုနေကြတာလဲ၊ သာမန် ပုဂ္ဂိုလ်တွေနေသလို နေတာလားလို့ သူတို့ရဲ့ နေပုံနေနည်း သိချင်လာတဲ့ပုဂ္ဂိုလ်တွေ မြတ်စွာဘုရား ခေတ်ကတည်းက ပေါ်ထွန်းလာလို့ ဗုဒ္ဓမြတ်စွာကို ဒီမေးခွန်းမျိုး မေးလာကြတယ်။ မေးလာသည့် အတွက်ကြောင့် အရိယာသူတော်စင်တွေဟာ မိမိတို့ နေ့စဉ်ဘဂမှာ ဘယ်လိုနေတယ်ဆိုတာ မြတ်စွာဘုရားဟောခဲ့တယ်၊ မြတ်စွာဘုရား ဟောတဲ့အတိုင်း မှတ်သားထားပြီး တို့တစ်တွေဟာ ဘယ်ပုံနေတာလဲဆိုတာ ကိုယ့်ကိုကိုယ် ဆန်းစစ်ဖို့လိုတယ်။

နေ့စဉ်ဘဂမှာ ငါဘယ်လိုနေသလဲ၊ တစ်နေ့တာအချိန်တစ်ခုကို ဘယ်ပုံဘယ်နည်းနဲ့ ကုန်ဆုံးစေသလဲ၊ ကိုယ့်ကိုကိုယ် ဆင်ခြင်သုံးသပ်ရမယ်၊ လောကမှာ ဆင်ခြင်သုံးသပ်မှုမရှိရင် ဘယ်တော့မှ အဖြေမထွက်ဘူး။ ဒါကြောင့်မို့ ကိုယ့်ဘဂမှာ ဘယ်ပုံနေတယ်ဆိုတာကို ဆင်ခြင် သုံး သပ်ကြည့်ဖို့လိုတယ်။ အဲဒီ လို ဆင်ခြင်သုံးသပ်ကြည့်တဲ့အခါ မိမိရဲ့ နေပုံထိုင်ပုံဟာ မှားယွင်းနေတယ် ဆိုလို့ရှိရင် ပြင်ရမှာပဲ၊ မိမိရဲ့ နေပုံထိုင်ပုံက ကောင်းတယ်ဆိုရင်လည်း ဆက်လက်ပြီးတော့ ဒီနေပုံနေနည်းနဲ့ နေထိုင်ရမှာပဲ။

လူတိုင်းလူတိုင်းဟာ ဘဂတစ်ခုမှာ မသေမချင်းနေသွားကြမှာချည်းပဲ။ အဲဒီ လို နေသွားတဲ့ ထဲမှာ the way of life ထဲမှာ ဒို့ဟာ အကောင်းဆုံးနည်းနဲ့ ဘဂတစ်ခုမှာ နေထိုင်ဖို့ဘယ်ဟာ အကောင်းဆုံးလဲဆိုတာ ရွေးချယ်ကြဖို့လိုတာပေါ့။

မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်း က မဟာနာမလို့ခေါ်တဲ့ သာကီဝင်မင်းဟာ မြတ်စွာဘုရားနဲ့ ညီအစ်ကိုဝမ်းကွဲတော်တယ်။ မြတ်စွာ ဘုရားရဲ့ ဘထွေးတော်ရဲ့သားဖြစ်တယ်။ မဟာနာမ မင်းက သူကိုယ်တိုင် သောတာပန်၊ နောက်ပိုင်း ကျတော့ သကဒါဂါမ်အဆင့်အထိ ရောက်တယ်ပေါ့။ သူကိုယ်တိုင် သောတာပန်ဘဝမှာ နေတာ သူမသိဘူးလားလို့တော့ ပြောစရာရှိတယ်။ သို့သော် မြတ်စွာဘုရားဆီက အဖြေလိုချင်လို့ အဲဒီ အရိယာသာဝက သောတာပန်တို့၊ သကဒါဂါမ်တို့၊ အနာဂါမ်တို့လို့ဆိုတာ ဘယ်လိုများ နေကြ ပါလိမ့်မလဲဆိုတဲ့ တွေးတောမှု၊ စဉ်းစားမှု၊ ဆင်ခြင်မှုဟာ သူ့စိတ်ကူးထဲမှာ ပေါ်လာတယ်။